၂၈	လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ရေနံဓာတ်ငွေ့ရည်အိုးခွံထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)၊ ရန်ကုန်တိုင်းဒေသကြီး	၁·၂၂၄	
၂၉	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ပင်မစက်ရုံ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂·၉၁	
	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(၈)ခု		
၃၀	ပုသိမ်မြို့၊ ဝဲဒေါင့်ရပ်၊ ဘတ္တလာဝင်းအတွင်းရှိ မြေကွက်နှင့်သိုလှောင်ရုံ(၃)လုံး	၄·၈၆၁	
၃၁	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်၊ မြေတိုင်းအမှတ် (၅-စီ)၊မြေကွက်အမှတ်(၂၁-ဘီ)ရှိ မြေနှင့်အဆောက်အအုံ	၁·၄၃၀	
၃၂	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ ပန်းတိမ်တန်းလမ်း အမှတ် ၅၅ရှိ(ပဆ-၁၄/၅၀၅၆)ဆိုင်ခန်း	-	
၃၃	ဆန်စက်အမှတ် ၅၅၄၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး	၄·၆၉	
၃၄	ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြေ(၂·၂၃)ဧကနှင့်၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၂·၂၃	
၃၅	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ မြေ(၁·၅၂)ဧကနှင့် ၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၁·၅၂	
၃၆	ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ မြေ(၁·၆၅၅)ဧကနှင့် ၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၁)လုံး(မြေစိုက်-၃)	၁·၆၅၅	
၃၇	ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ဥယျာဉ်လမ်း၊ မြေ(၀·၇၀)ဧကရှိ သိုလှောင်ရုံ(၂)လုံး	၀·၇၀	
	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန(၈)ခု		
၃၈	အမှတ်(၄) ရေခဲစက်ရုံ(ရုံးအဆောက်အအုံ၊ သိုလှောင်ရုံ) (မြေနှင့်အဆောက်အအုံ) အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၁၁၆	
၃၉	အမှတ်(၆) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁·၁၄၉	
၄၀	အမှတ်(၇) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၅၀၂	
၄၁	ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ လုံးသာကျေးရွာရှိ လုံးသာအဆောက်အအုံ	၂·၁၅	
၄၂	သာကေတစည်သွတ်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄·၇၀	
၄၃	ငါးခြောက်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁·၅၁	
၄၄	ညောင်ရွှေအအေးခန်းရေခဲစက်ရုံ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်	၃·၄၅	
၄၅	ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ သဗြုချိုင်အအေးခန်းနှင့်ရေခဲစက်ရုံ၊ ဆိပ်ခံဖောတံတား	၂၁·၇၃	
	သမဝါယမဝန်ကြီးဌာန(၂)ခု		
၄၆	ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၈၀ မြေညီထပ်အခန်း (ပဆ-၄၁၄၂/၄၁၉၂) (၂၅ပေ ×ပေ၆၀)	-	
၄၇	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၇၀ မြေညီထပ်အခန်း (ယာဘက်ခြမ်း)(ပဆ-၉၈၉၀)(၂၈ပေ×၅၅ပေ×၁၇ပေ)	-	
	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(၉)ခု		
၄၈	အရက်ဖြူဆိုင်အမှတ်(၁)၊ ပဲခူးလုပ်ငန်းခွဲ အမှတ် ၈၀၊ လမ်း၂၀၊ ဈေးပိုင်းရပ်၊ ပဲခူးတိုင်းဒေသကြီး	၀·၀၃၄	
၄၉	မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ (၈၃×၈၄)လမ်းကြား၊ အကွက်အမှတ် ၅၉၈၊ အမှတ် ၂၅၇ရှိ မြေညီထပ်အခန်း(ပဆ-၉၈၇၅/၉၈၇၇)	-	
၅၀	အရက်ဖြူဆိုင်အမှတ်(၉)၊ ရန်ကုန်လုပ်ငန်းခွဲ အမှတ် ၂၀၀၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၀၇၂	
၅၁	အမှတ် ၅၉၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့ရှိ (၃)ထပ်တိုက်၏ မြေညီထပ်အခန်း (ပဆ-၁၁၉၃)	-	
၅၂	ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၉၅/၉၆)(ပေ ၅၀× ပေ ၅၀) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ	၂၅၀၀ စ/ပေ	
၅၃	အရက်ဖြူဆိုင်အမှတ်(၁၁) အမှတ် ၁၂၄၊ ဝေဇယန္တာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အဆောက်အအုံနှင့်မြေနေရာ	၀·၀၆၄	
၅၄	အရက်ဖြူဆိုင်အမှတ်(၁၀) မေတ္တာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂၉၄၀ စ/ပေ (၄၉'x၆၀')	
၅၅	အင်းလေးခေါင်တိုင်ဟိုတယ်(အင်းလေးရေပူစမ်းမပါ) ခေါင်တိုင်ကျေးရွာအုပ်စု၊ အင်းလေးကန်အနောက်ဘက်၊ ညောင်ရွှေမြို့နယ်	၃၀·၉၃	
၅၆	Yangon Commercial Tower အမှတ်(၇၃/၇၅)၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၀၆၉	
	ပြန်ကြားရေးဝန်ကြီးဌာန(၁၀)ခု		
၅၇	ရွှေရတနာရုပ်ရှင်ရုံ အမှတ်(၂၂၀/၁)၊အနော်ရထာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရန်ကုန်တိုင်းဒေသကြီး	၄·၃၄၆	
၅၈	ဝဇီရာ(၂)ရုပ်ရှင်ရုံ အမှတ် ၂၃၂၊ ညောင်တုန်းလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂·၉၈၄	
၅၉	သီတာရုပ်ရှင်ရုံ အမှတ် ၁၇၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၂၄၃	
၆၀	ဆုတူးပန်ရုပ်ရှင်ရုံ အမှတ် ၃၀၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၁၇၉	
၆၁	ဘုရင့်ရုပ်ရှင်ရုံ အမှတ် ၃၂၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၁၉၅	
၆၂	ဧရာဝတီရုပ်ရှင်ရုံ အမှတ်(၂၈-က)၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀·၂၁၆	
၆၃	မစိုးရိမ်ရုပ်ရှင်ရုံ လမ်း ၈၀၊ (၂၆×၂၇)လမ်းကြား၊ ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၀·၈၄၉	
၆၄	ပဒေသာရုပ်ရှင်ရုံ အမှတ် ၁၆၇၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၁·၄၈၅	
၆၅	မြို့မရုပ်ရှင်ရုံ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၀·၃၉၈	
၆၆	ဇေယျာသီရိရုပ်ရှင်ရုံ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၀·၇၄၄	
	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(၃)ခု		
၆၇	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၈၀၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၁၄/၅၀၂၇)	-	
၆၈	ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂/၇၄)ရှိ မော်တော်ယာဉ်သိုလှောင်ရုံ၏ မြေ(၀·၁၃၄)ဧကနှင့် သိုလှောင်ရုံအဆောက်အအုံ	၀·၁၃၄	
၆၉	မိတ္ထီလာမြို့၊ ဈေးအရှေ့ပတ်လမ်းပေါ်ရှိ မြေညီထပ်အလယ်ရှိအခန်းလေးခန်း (ပဆ-၉၉၇၅) (၄၂ပေ×၃၃ပေ×၁၆ပေ)	-	
	ရထားပို့ဆောင်ရေးဝန်ကြီးဌာန(၁)ခု		
၇၀	အမှတ်(၃၈၉/၃၉၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကြူလီယာဗလီဉပစာအဆောက်အအုံ(ပေ၆၀×၂၈ပေ×၁၈ပေ) (မြေမပါ)	-	
	စွမ်းအင်ဝန်ကြီးဌာန(၁)ခု		
၇၁	တာချီလိတ်မြို့၊ ဗိုလ်ချုပ်လမ်းနှင့် ပါလျံလမ်းထောင့်၊ ဗိုလ်တဲကုန်းရပ်၊ ဝမ်းကောင်းအုပ်စု၊ အကွက်အမှတ်(၆)ရှိ မြေနှင့်အဆောက်အအုံ	၀·၆၁၉	
	ဆောက်လုပ်ရေးဝန်ကြီးဌာန(၂)ခု		
၇၂	အမှတ်(၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိမြေနှင့် အဆောက်အအုံ	၁·၉၄၈	
၇၃	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၁၆ရှိ ပြည်သူ့အင်အားရုံးအဆောက်အအုံဟောင်း	၂၁၁၀၀ စ/ပေ	
	ပြည်ထဲရေးဝန်ကြီးဌာန(၁)ခု		
၇၄	အမှတ်(၁)၊ အင်းလျားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁·၄၆၅	
	ရှေ့နေချုပ်ရုံး(၁)ခု		
၇၅	ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၇၃/၄၇၅)၊ (ပဆ-၉၄၈၉) (ပေ၆၀×၁၈ပေ) မြေညီထပ်အခန်း	-	
	စာရင်းစစ်ချုပ်ရုံး(၁)ခု		
၇၆	ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ဘဏ်လမ်း။ အမှတ် ၅၀ရှိ ဒုတိယထပ်ဝဲဘက်ခြမ်းအခန်း(၁)ခန်း၊ (၃၇ပေ×ပေ၄၀×၁၅ပေ)	-	

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ

အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်သွားပေးမယ့် သင်ခန်းစာပဲဖြစ်ပါတယ်။ ပထမဆုံးပြောလိုတာကတော့ ၂၀၀၈-၀၉ စာသင်နှစ်ကစလို့ Grade 11 Biology ဖတ်စာအုပ်အသစ်ရဲ့ အချို့အခန်းတွေမှာ စာအပြောင်းအလဲ အနည်းငယ်ရှိတာကို ယခုစာသင်နှစ်မှာ ဇီဝဗေဒဘာသာရပ်ကို ဆက်လက်ယူကြတဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ အပြင်ဖြေ ကျောင်းသား၊ ကျောင်းသူများကို သိစေချင်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများ အဓိကသဘောပေါက် နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter I to XII မှာပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလို လေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို အကြံပြုလိုတာကတော့-

၁။ ဇီဝဗေဒဘာသာရပ်ကို Grade 11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်း ကျေညက်စွာနားလည်အောင် လေ့လာကျက်မှတ်ရန်။

၂။ Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာ ဝေါဟာရ (Terminology)များကို စာလုံးပေါင်းနှင့်တကွ သေချာစွာ ကျက်မှတ်ထားရန်။

၃။ သရုပ်ဖော်ပုံများနှင့် ဇယားများကိုလည်း နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့ စာတွေဘယ်လောက်ရပြီလဲဆိုတာ ခန့်မှန်းနိုင်ဖို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မေးခွန်းဟောင်းများကိုလေ့လာပြီး ဖြေဆိုကြည့်ကြဖို့ လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှ မေးခွန်းရဲ့သဘောကို နားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတောဖြေဆိုရမယ့် မေးခွန်းတွေ ပိုများတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံး အလွတ်ရနေပေမယ့်လည်း မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာ မဟုတ်ပါဘူး။

မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. True / False
2. Completion
3. Short Questions (2 Marks each)
4. Short Questions (4 Marks each)
5. Long Questions (8 Marks each) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ကြည့်မယ်ဆိုရင်-

No. 1 True / False အမျိုးအစားမှာ (20) Statements (1) mark for each statement (Total 20 marks)

No. 2 Completion အမျိုးအစားမှာ (20) Statements (1) mark for each statement (Total 20 marks)

No. 3 Short Questions (2 Marks for each) – a to f (6) ပုဒ် ပေးထားပြီး Answer All question လို့ ဖော်ပြထားတာကြောင့် (6) ပုဒ်စလုံး ဖြေဆိုရမယ်။ (စုစုပေါင်း 12 marks)

No. 4 Short Questions (4 Marks for each) – a to e (5) ပုဒ်ပေးထားတယ်။ Answer ANY FOUR Question လို့ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (5) ပုဒ် ပေးထားတဲ့အနက် (4) ပုဒ် ဖြေဆိုရမယ်- (စုစုပေါင်း 16 marks)

No. 5 Long Questions (8 Marks for each) - a to f (6) ပုဒ် ပေးထားတယ်။ ဒီ No. 5 မှာလည်း Answer ANY FOUR Questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (4) ပုဒ်ပဲ ဖြေဆိုဖို့ လိုအပ်တယ်။ (စုစုပေါင်း 32 marks)

မေးခွန်းနံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့် မရှိဘူး။ No. 3 ကတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 နဲ့ 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများ အဖို့တော့ အမှတ်ပြည့်ထက်ပိုတဲ့ ရွေးစရာတွေရှိပါတယ်။ Chapter ရွေးကျက်တဲ့သူများအဖို့တော့ True / False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံးဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် 4 နဲ့ 5 ကိုလည်း တော်တော်ကံကောင်းပြီး ကျက်ထားတာတိုးမှ ဖြေနိုင်မှာပါ။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား၊ ကျောင်းသူများဟာ သင်ရိုးကုန်ကို သဘောပေါက် နားလည်အောင် ကျေညက်စွာကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter (12) ခု လုံးကို စေ့စပ်စွာ ခြုံငုံမှုမရှိ၊ ကျရှုံးသူများကတော့ Chapter (12) ခုမှာ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကို လေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုမှ အကြောင်းအရာများကို ဘယ်လို ခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင် True / False Statements များကို Chapter (12) ခုလုံးမှ ပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှအပကျန် Chapter များမှ (2) Statements စီ ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် Chapter (8) ခု မှ 2 Statements စီ ($2 \times 8 = 16$), Chapter (4) ခုမှ 1 Statement စီ ($1 \times 4 = 4$)၊ စုစုပေါင်း (20 marks) အနေနဲ့ Chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာ တွေ့ရှိကြပါလိမ့်မယ်။

မေးခွန်းအမှတ် (1) True / False Statements များကို ဖြေဆိုဖို့ Statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက် ကောက်နုတ်ထားတာ ရှိသလို ကိုယ်ပိုင်ဝါကျ တည်ဆောက်ပြီး ပေးထားတဲ့ Statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True / False Statements များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True / False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးထားတာက ပထမဖြစ်ပါတယ်။ အဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ မဖြေနိုင်လို့ Statement များကို False လို့ အားလုံး (သို့မဟုတ်) True လို့ အားလုံး ရေးသားဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့ အထဲကရသင့်တဲ့အမှတ် ရသွားနိုင်လိမ့်မယ်လို့ ကျောင်းသား၊ ကျောင်းသူများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ အဖြေလွှာစစ်ဆေးသူများအနေနဲ့ အရင်ဆုံး ကောက်ချက်ချမှာကတော့ ဒီကျောင်းသား၊ ကျောင်းသူများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာ ဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှု ရှိပါတယ်။ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမဲ (Bold) နဲ့ ဖော်ပြထားတဲ့ စကားလုံးတွေကို သေသေချာချာ လေ့လာစေချင်ပါတယ်။

မေးခွန်းအမှတ် (2) Completion အမျိုးအစားမှာ ပါဝင်တဲ့ Statement များကို No. 1 True / False Statements များ Text ထဲမှာပါတဲ့ Chapter (12)ခုလုံးမှ ကောက်နုတ်ခွဲဝေမေးထားပါတယ်။ Completion Statement များအတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့နေရာမှာ မှန်ကန်တဲ့ Word ကို Spelling မှန်မှန်နဲ့ ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် Spelling များကိုလည်း သတိထားပြီး ရေးသားကျက်မှတ်ကြရပါလိမ့်မယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။

True / False ရွေးချယ်မှုနဲ့ Completion အမျိုးအစားမှာပါတဲ့ Statement တိုင်းဟာ Chapter တိုင်းက ပါတတ်တာဖြစ်လို့ (၃)ခန်းလောက် လွှတ်ပြီး ကျက်လိုက်တာနဲ့ (၁၀)မှတ်ကနေ (၁၂)မှတ်အထိ နစ်နာသွားနိုင်ပါတယ်။

မေးခွန်းအမှတ် (3) မှာ ANSWER ALL QUESTIONS ဆိုပြီး a to f (6)ပုဒ် မေးထားတယ်၊ (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသား၊ ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့် ရှိသေးတယ်။ Chapter အလိုက် မေးခွန်းခွဲဝေမှုကတော့ -

မေးခွန်းအမှတ် (3) (2 Marks) အနေနဲ့

a.	Chapter	I to IV	မှ	(၁) ပုဒ်	
b.	Chapter	V	မှ	(၁) ပုဒ်	
c.	Chapter	VI	မှ	(၁) ပုဒ်	
d.	Chapter	VII	မှ	(၁) ပုဒ်	**OR**
	Chapter	VIII	မှ	(၁) ပုဒ်	
e.	Chapter	IX	မှ	(၁) ပုဒ်	**OR**
	Chapter	X	မှ	(၁) ပုဒ်	
f.	Chapter	XI	မှ	(၁) ပုဒ်	**OR**
	Chapter	XII	မှ	(၁) ပုဒ်	

Grade 11 Biology ဖတ်စာအုပ်မှာ Chapter I – IV ပါ အကြောင်းအရာများဟာ အပင်များရဲ့ အခြေခံအကြောင်းအရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့်မေးခွန်းအမှတ် (3) မှာ အပင်ရဲ့ အခြေခံပိုင်းမှ (၁)ပုဒ် ရွေးချယ်ထားခြင်းဖြစ်တယ်။

Chapter V မှာတော့ - နို့တိုက်သတ္တဝါ (Mammal) များအကြောင်းကို အခြေခံရစေဖို့

- Mammals အုပ်စုများ
- Mammals များရဲ့ General Characteristics များနဲ့
- The Rabbit ကို ပုံစံပြု သတ္တဝါအနေနဲ့ Organ Systems များနဲ့ ပြည့်စုံစွာ ဖော်ပြထားတာ တွေ့ရှိကြပါလိမ့်မယ်။ သတ္တဝါအခြေခံပိုင်း အခြေခံ (၁)ပုဒ် No. 3 Question အမျိုးအစားမှာ မေးထားတယ်။

Chapter VI to XII ပါ အကြောင်းအရာများကတော့ အပင်နဲ့သတ္တဝါတွေရဲ့ အသက်ရှင်လုပ်ရပ်များ Life processes များကို အခြေပြု ပူးတွဲဖော်ပြထားပါတယ်။

Chapter XI မှာ မျိုးရိုးဆက်ခံပုံကို ဖော်ပြထားတယ်။ ဒီ Chapter XI မှာလည်း မျိုးရိုးဆက်ခံခြင်းကို ဖြစ်ပေါ်စေတဲ့ Genes များအကြောင်းကို နားလည်ထားမယ်ဆိုရင် Genetics မျိုးရိုးဆက်ခံခြင်းကို သဘောပေါက်နားလည်သွားနိုင်ပါတယ်။ Homozygous Genotype နဲ့ Heterozygous Genotype တို့မှ Gametes များ ထွက်ပေါ်လာပုံ အခြေခံကို နားလည်ထားစေချင်ပါတယ်။

မေးခွန်းအမှတ် (4) (4 marks each) မေးခွန်းကို Answer ANY FOUR Questions အနေနဲ့ a to e (5)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများ လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့ -

မေးခွန်းအမှတ် (4) (4 marks) အနေနဲ့ -

a.	Chapter	I-IV	မှ	(၁) ပုဒ်	
b.	Chapter	V	မှ	(၁) ပုဒ်	
c.	Chapter	VI	မှ	(၁) ပုဒ်	OR
	Chapter	VII	မှ	(၁) ပုဒ်	
d.	Chapter	VIII	မှ	(၁) ပုဒ်	OR
	Chapter	IX	မှ	(၁) ပုဒ်	
e.	Chapter	X	မှ	(၁) ပုဒ်	OR
	Chapter	XI	မှ	(၁) ပုဒ်	OR
	Chapter	XII	မှ	(၁) ပုဒ်	

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှု မပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှု ပေးထားပါတယ်။

မေးခွန်းအမှတ် (5) Long Question (8 marks each) သတ်မှတ်ထားတဲ့ အမျိုးအစား Answer ANY FOUR Question ဖော်ပြထားပြီး a to f (6) ပုဒ် ပေးထားတယ်။ Chapter VII နဲ့ သူ့ရဲ့နောက်ပိုင်းအခန်းတွေရဲ့ မေးခွန်းတွေမှာ OR ခံထားတော့ ရွေးချယ်ပိုင်ခွင့်တွေ တော်တော်များများ ရှိပါတယ်။

မေးခွန်းအမှတ် (5) မှာ Biology Text Book ပါအကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့ -

a.	Chapter	I-IV	မှ (၁) ပုဒ်
b.	Chapter	V	မှ (၁) ပုဒ်
c.	Chapter	VI	မှ (၁) ပုဒ်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❁

❁ စာမျက်နှာ ၁၅ မှ

d.	Chapter	VII	မှ (၁) ပုဒ် **(OR)**
	Chapter	VIII	မှ (၁) ပုဒ်
e.	Chapter	IX	မှ (၁) ပုဒ် **(OR)**
	Chapter	X	မှ (၁) ပုဒ်
f.	Chapter	XI	မှ (၁) ပုဒ် **(OR)**
	Chapter	XII	မှ (၁) ပုဒ်

ဒါတွေကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် မိမိဖြေချင်တာကို ရွေးချယ်နိုင်တဲ့ အခွင့်အလမ်း ပိုများတာတွေ့ရပါလိမ့်မယ်။

အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ်။

မေးခွန်းအမှတ် 1. True or False and မေးခွန်းအမှတ် 2. Completion မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး i. ကနေ x. အထိကို ချရေးပြီးတော့ i. ရဲ့နံဘေးကစပြီး xi. ကနေ xx. ထိ ချရေးလိုက်ပါ။

i.	xi.
ii.	xii.
iii.	xiii.
iv.	xiv.
v.	xv.
vi.	xvi.
vii.	xvii.
viii.	xviii.
ix.	xix.
x.	xx.

ဒီလိုရေးချပြီးမှ Statement များကိုသေချာစွာ ဖတ်ရှုပြီး မိမိအနေနှင့် သေချာသောအဖြေများကို သက်ဆိုင်ရာ နံပါတ်နံဘေးတွင် ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၎င်း Statement ကိုချန်ခဲ့ပြီး အချိန်ဖြုန်းမနေဘဲ အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statementရဲ့ အဖြေကို ပြန်လည်စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

မေးခွန်းအမှတ် 3, 4 နှင့် 5 များမှာ (a, b, c, d, e, f) စသည်တို့ဖြင့် ပေးထားသော မေးခွန်းများ ဖြေဆိုတဲ့အခါ (a, b, c, d, e, f) အထဲမှ မိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကို အရင်ဆုံး စဖြေပါ။ အဖြေနံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတပ်ရန် လိုတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့။ ဒီလိုပဲ (a) ဖြေထားပြီးရင်လည်း (ခ) လို့ မတပ်မိဖို့ အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့ မေးခွန်းကိုရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State / Define / Explain / Describe / Clarify / Name / List / Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကို သုံးပြီး မေးထားလေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့ မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့မေးလေ့ရှိပြီး Provide labels to the given diagram and state ---- လို့မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့် အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေချင်ပါတယ်။

Give labelled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာ ဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မှာလိုတာကတော့ မတွေဝေပါနဲ့၊ မရှုပ်ပါနဲ့။ စာမရလွန်းတဲ့ ကလေးတွေက မှားဖြေတတ်သလို စာရလွန်းတဲ့ကလေးကလည်း ရှုပ်တတ်တယ်။ ဥပမာ Epigyny, Perigyny, Hypogyny နှင့် Hypogeal နဲ့ Epigeal germination မှားတတ်သလို Aerobic နဲ့ Anaerobic Respiration, Lymphocyte နဲ့ Monocyte, Abscissin နဲ့ Ethylene စသည်တို့ ရောထွေးသွားတတ်တယ်။ သိပ္ပံအမည်များကို Grade 11 Biology စာအုပ်ထဲမှာ Itallic (စာလုံးစောင်း) နဲ့ ရေးပေးထားတယ်။ အဲဒီစာလုံးတွေကို ဖြေတဲ့အခါ Underline လုပ်ပေးဖို့ လိုပါတယ်။

ဥပမာ - Utricularia, Urena

အခု ဆွေးနွေးထားတာတွေကို သတိထားကြည့်ရင် ကျောင်းသား၊ ကျောင်းသူတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များများရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biologyသင်ခန်းစာ သိကောင်းစရာ ဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)အတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါပေးသွင်းပါရန် ကြော်ငြာပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
(က)	AKD Sizing Agent	40MT	၄-၂-၂၀၁၁ ရက် မွန်းလွဲ(၁၆း၀၀)နာရီ

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း
နေပြည်တော်ဖုန်း-၀၆၇-၄၀၈၂၉၅

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၂၉၆၄၄၁ Luojia 110 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကျော်ကျော်ခိုင် မှတ်ပုံတင်အမှတ် [၉/မတလ(နိုင်)၂၁၅၉၈၅] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

စဉ့်ကိုင်မြို့နယ်၊ ကြက်မျှား – အလက (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကြက်မျှားအလကတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအတိုင်းကျင်းပမည် -

ကျင်းပမည့်နေ့ ။ ၂၃-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ နံနက် ၁၀ နာရီ
ကျင်းပမည့်နေရာ ။ ကံ့ကော်ခန်းမ၊ အလက ကြက်မျှား။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးမောင်မြင့် ဖုန်း-၀၆၆-၄၀၀၅၂၊ ဒေါက်တာပြေသိန်း ဖုန်း-၀၂-၉၁၀၃၂၀၈၀၊ ဦးမောင်မောင်သန်း ဖုန်း-၀၉-၆၈၀၀၃၉၀၊ ဒေါ်အေးအေးသင်း ဖုန်း-၀၂-၉၁၀၃၂၁၇၆၊ ဦးမောင်မောင်လေး ဖုန်း-၀၆၆-၄၀၀၈၈၊ ဒေါက်တာအေးသီရိဝေ ဖုန်း-၀၆၇-၄၀၄၄၅၄ သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပရေးကော်မတီ

အဆင့်မြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မွမ်းမံသင်တန်း

ပို့ချမည့်သူ - သင်တန်းမှူး ဓမ္မဗျူဟာ
ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းစမည့်နေ့ - ၂၂-၁-၂၀၁၁ ရက်မှစ၍ စနေ၊ တနင်္ဂနွေ ၄ ပတ်
သင်တန်းအချိန် - မွန်းတည့် ၁၂နာရီမှ ညနေ ၄း၃၀နာရီ
သင်တန်းနေရာ - ဓမ္မဗျူဟာ သာသနာ မာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အခြေခံပဋ္ဌာန်းသင်တန်း

ပို့ချမည့်သူ - သင်တန်းမှူး ဓမ္မဗျူဟာ
ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းစမည့်နေ့ - ၂၄-၁-၂၀၁၁ ရက် (တနင်္လာနေ့)
သင်တန်းအချိန် - နံနက် ၇ နာရီမှ ၈း၃၀နာရီ
သင်တန်းကာလ - အပတ်စဉ် တနင်္လာနေ့မှစ၍ သောကြာနေ့အထိ (၃ပတ်) ၁၅ရက်၊
သင်တန်းနေရာ - ဓမ္မဗျူဟာ သာသနာမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂-H)၊ မြေကွက်အမှတ် $\frac{၄၇၂L}{၁}$ ၊ မြေအကျယ်(၀.၄၇၇၈ဧက) မြေအမည်ပေါက် ဒေါ်ဒေါ်လီ(ခ)ဒေါ်ခင်မမပါ(၃)ဟု မှတ်သားထားသောဂရန်ရှိ မြေပိုင်မြေမျိုး၊ မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော မြေအစိတ်အပိုင်း $\frac{၃}{၄}$ ခန့်နှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်ရှိ အမှတ် ၇၂-အေ၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် နှစ်ထပ်ပျဉ်ထောင်အိမ်ဟောင်းအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် (၁) ဒေါ်ဒေါ်လီ (ခ) ဒေါ်ခင်မမ [၁၂/ဗဟန(နိုင်)၀၈၀၈၀၉]၊ (၂) ဦးခင်မောင်မြင့် [၁၂/သဃက(နိုင်)၁၂၅၂၉၆]၊ (၃) ဦးခင်မောင်ညွှန့် [၁၂/ဗဟန(နိုင်)၀၈၀၈၁၀]တို့ သုံးဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤမြေကွက်အစိတ်အပိုင်းနှင့် အိမ်လွှဲပြောင်းရောင်းချသော ကိစ္စရပ်အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ရုံးချိန်အတွင်း ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၃၀)ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(၁)ဦးလှမြင့်(ဒဂုံ)	(၂) ဒေါ်မေစပယ်မြင့်	(၃) ဦးတင်အောင်ကြည် (တောင်သုံးလုံး)
(စဉ်-၉၀၁၂)	(စဉ်-၃၂၉၉၂)	(စဉ်-၃၀၇၂၂)
H.G.P, W.I.P.O (Switzerland)	LL.B,D.B.L,W.I.P.O (Switzerland)	LL.B

အထက်တန်းရှေ့နေများ
ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀
အခန်းအမှတ်-၂၀၂/ဒီ-၃လွှာ၊ တိုက်(၉/၁၁)၊ (၃၆)လမ်း၊ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များနှင့် အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၃-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၁ နာရီ
နေရာ - ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
အစည်းအဝေးခန်းမ၊ ရန်ကင်းမြို့နယ်

အမှုဆောင်အဖွဲ့

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။	Assistant Operation Manager	(၅)ဦး	(ကျား မ)
၂။	Chinese Interpreter	(၂)ဦး	(ကျား)
၃။	English Interpreter	(၄)ဦး	(ကျား မ)
၄။	Office Staff	(၅)ဦး	(ကျား)

အမှတ်စဉ်(၁)အတွက် လျှောက်ထားလိုသူများသည် ဘွဲ့ရဖြစ်ရမည်။ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ လိုအပ်ပါက နယ်သို့ ခရီးသွားလာနိုင်ရမည်။

အမှတ်စဉ်(၂)နှင့်(၃)အတွက် လျှောက်ထားလိုသူများသည် ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စာ(သို့မဟုတ်) တရုတ်စာ ရေးဖတ်ပြောကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ လိုအပ်ပါက နယ်သို့ခရီးသွားနိုင်ရမည်။

အမှတ်စဉ်(၄)အတွက် လျှောက်ထားလိုသူများသည် ဘွဲ့ရဖြစ်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။

အမှတ်စဉ်အားလုံးအတွက် လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာနှင့် လိုအပ်သောအထောက်အထားများပါ တစ်ပါတည်းယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း လူကိုယ်တိုင်ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - Dragon Regal Co.,Ltd.
အမှတ်(၀၄၊ ၀၅)၊ ၁၂ လွှာ၊ ဗိုလ်မြတ်ထွန်းတာဝါ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၀၂၈၄၁၊ ၀၉-၉၉၂၅၃၇၈

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၅)နှင့်(၁၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာရပ် သင်ခန်းစာကို ဖော်ပြထားပါသည်။

၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော် မြန်မာ့အသံနှင့် Myanmar International တို့က ယင်းနေ့ ညနေ ၅ နာရီမှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၂၀-၁-၂၀၁၁)

ဟားခါး	သုည	ဒီဂရီစင်တီဂရိတ်
လားရှိုး	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၂	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၂	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၄	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄	ဒီဂရီစင်တီဂရိတ်
ကသာ	၄	ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၄	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၄	ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ်(၁/၂၀၁၁)ဖြင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း၊ ကြေညာချက်အမှတ်(၂/၂၀၁၁)ဖြင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းနှင့် ကြေညာချက်အမှတ်(၃/၂၀၁၁)ဖြင့် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းများကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမည်စာရင်းအပြည့်အစုံကို စာမျက်နှာ ၇၊ ၈၊ ၉၊ ၁၀ တို့တွင် ဖော်ပြထားပါသည်။

ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (21-1-2011) (၆၆၅၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ခရိုင်ချင်းဆက်လမ်းအမှတ်(၃)နှင့် ရတနာသိမ်တံတား တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၂ ရက်တွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္ဘကားကျေးရွာအနီးရှိ ခရိုင်ချင်းဆက်လမ်းအမှတ်(၃) ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ခရိုင်ချင်းဆက်လမ်းအား လမ်းပိုင်းအလိုက် လမ်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စစ်ကိုင်း-ရှိမ္ဘကားလမ်းပိုင်း အခြေအနေနှင့် ရှိမ္ဘကား-ကျောက်မြောင်း လမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် ကျောက်မြောင်း-နွယ်ငြိမ်းကျေးရွာအနီးရှိ ရတနာသိမ်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ ရွှေဘိုဘက်ကမ်း တံတားချဉ်းကပ်လမ်း ဖောက်လုပ်နေမှုနှင့် ရေလယ်တိုင်များ သံကူကွန်ကရစ်သွန်းလောင်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

စင်ကာပူချန်ဂီလေဆိပ် ခရီးသည်ဝင်ထွက်မှု စံချိန်တင်

စင်ကာပူ ဇန်နဝါရီ ၂၀

စီးပွားရေးဦးမော့လာမှု ခိုင်မာအားကောင်းသည့် ပြယုဂ်အဖြစ် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ် **(အပေါ်ပုံ)**သည် ၂၀၁၀ ခုနှစ်အတွင်း ခရီးသည်ဝင်ထွက်မှု ၄၂ သန်းကျော်အထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း လေဆိပ်အာဏာပိုင်များက ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ကိန်းဂဏန်း အရေအတွက်သည် ၂၀၀၉ ခုနှစ်ကထက် ၁၃ ရာခိုင်နှုန်း ပိုမိုများပြားလာပြီး ၂၀၀၈ ခုနှစ်၏ စံချိန် ၃၇ ဒသမ ၇သန်းထက်လည်း ပိုမိုမြင့်မားလျက်ရှိသည်။

မိမိတို့သည် စီးပွားရေးကျဆင်းသည့်အခြေအနေမှ ပြန်လည်နာလန်ထူလာပြီဖြစ်ရာ ခရီးသွားလာမှုမှာလည်း စံချိန်တင်မြင့်မားလာပြီဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ဆက်လက်၍ မြင့်မားလာမည်ဖြစ်ပြီး နောက်ထပ်စံချိန်သစ်တင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ချန်ဂီလေဆိပ် အမှုဆောင်အရာရှိချုပ်က ပြောကြားသည်။

ခရီးသွားလာမှု များပြားသည့် အားလပ်ရက်ရာသီဖြစ်သော ဒီဇင်ဘာလတစ်လတည်းမှာပင် ချန်ဂီလေဆိပ်ကို ခရီးသည် ၄ ဒသမ ၀၆ သန်းတို့က အသုံးပြုခဲ့ကြပြီး ဒီဇင်ဘာ ၁၉ ရက်တစ်ရက်တည်းမှာပင် ၂၄ နာရီအတွင်း ခရီးသည် ၁၄၆၀၀၀ ကို ဝန်ဆောင်မှုပေးခဲ့ရသည်။ **ဆင်ဟွာ။**

ဗထူးကွင်း၌ အားပြိုင်ကြမည့် ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်

ရန်ကုန် ဇန်နဝါရီ ၂၀

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၂)ကို ယခုတစ်ပတ် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်များတွင် ကျင်းပသွားမည်ဖြစ်သည်။ ယခုတစ်ပတ်ကျင်းပမည့်ပွဲစဉ်များတွင် MNL ၏ ထိပ်သီးနှစ်သင်းဖြစ်သည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံကြမည့် ပွဲကောင်းလည်း ပါဝင်လျက်ရှိသည်။

ယခုတစ်ပတ်တွင် ပွဲစဉ်(၂) အဖြစ် ဇန်နဝါရီ ၂၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ နေပြည်တော်အသင်းနှင့် မကွေးအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်း၊ အောင်ဆန်းကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် Southern Myanmar အသင်း၊ ဇန်နဝါရီ၂၄ရက်တွင် အောင်ဆန်းကွင်း၌ မနောမြေအသင်းနှင့် ဥဿာယူနိုက်တက် **စာမျက်နှာ ၆ ကော်လံ ၃ သို့**

သတင်းမှတ်စုနှင့် ဓာတ်ပုံ - စိုင်းရဲရင့်

လက်ရှိချန်ပီယံ ရတနာပုံအသင်း။

၂၁-၁-၂၀၁၁
(သောကြာနေ့)

လမ်း တံတားသစ်များဖွင့်လှစ် ပို့ဆောင်သွားလာမှုတိုးတက်

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်းသည် အဓိကအရေးပါသည်။ နိုင်ငံတစ်ဝန်း လမ်းသစ်များဖောက်လုပ်၍ တံတားသစ်များ တည်ဆောက်ပေးနိုင်မှုနှင့်အတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ ဆက်စပ်သွားလာနိုင်ကြပြီ။ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူလျက်ရှိရာ စီးပွားကုန်သွယ်လုပ်ငန်းများ တိုးတက်မြန်ဆန်လာလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ်တည်ဆောက်နေသည်။ လမ်း၊ တံတားများ ကောင်းမွန်ကြံ့ခိုင်ရေး ဆက်လက်ဆောင်ရွက်ကြရပေမည်။ အချို့လမ်းသားများ ပျက်စီး၍ တစ်ဆက်တစ်စပ်တည်း သွားလာရေး အခက်အခဲရှိသည်။ အချို့ကျောက်ခင်းလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသော ဒေသများ ဖွံ့ဖြိုးစည်ပင်လာနေသည်ကို တွေ့ရသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းပေါင်းများစွာကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်သည်။ လမ်းများနှင့်အတူ မြစ်ကူးချောင်းကူးတံတားကြီးငယ် အသွယ်သွယ်ကိုလည်း တိုး၍တည်ဆောက်ပေးဆဲဖြစ်သည်။ အကျိုးရလဒ်အဖြစ် မြစ်ချောင်းအင်းအိုင် ကုန်းမြင့်တောင်တန်း ရောပြွန်းတည်ရှိနေသည့် သဘာဝမြေပြင် အတားအဆီးများကိုကျော်ဖြတ်၍ တိုင်းရင်းသားချင်း အနေလည်းနီး ခရီးလည်းသာ ဆက်သွယ်သွားလာမှုများ တိုးတက်စည်ပင်နေကြပြီ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်တည်ဆောက်ပြီးစီးခဲ့သည့် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း(ငန်းစပ်-ကျွဲရှင်းအပိုင်း)ငါးမိုင်ကျော်ကို ဇန်နဝါရီ ၁၅ ရက်က ဖွင့်လှစ်လိုက်သည်။ အဆိုပါလမ်းပိုင်းသည် ယခင်က ၁၂ ပေအကျယ်လမ်းအဆင့်သာရှိခဲ့ရာမှ ယခုအခါ လမ်းအကျယ် ၄၈ ပေရှိ လေးလမ်းသွားကတ္တရာလမ်းအဖြစ် ဖောက်လုပ်ထားရာ ယာဉ်သွားလာမှု ပိုမိုလွယ်ကူလာနေပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းနှင့်အတူ အရှည်ပေ ၁၈၀ ရှိ ကျွဲရှင်းတံတားကိုလည်း ဖွင့်လှစ်လိုက်သည်။ ယာဉ်သွားလမ်းအကျယ် ၄၈ ပေရှိ လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ငါးပေစီပါရှိသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက် ၂၅၂ စင်းမြောက်တံတားဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ၁၄ စင်းမြောက် ဖွင့်လှစ်နိုင်သည့်တံတားဖြစ်သည်။

ကျွဲရှင်းတံတားဖွင့်လှစ်လိုက်သဖြင့် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းနှင့် အသစ်ဖောက်လုပ်နေသည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းများမှ မန္တလေး၊ မကွေးတိုင်းဒေသကြီးများနှင့် ကူးသန်းဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့သို့ ဖောက်လုပ်ထားသည့်လမ်းများမှတစ်ဆင့် ဒေသထွက်ကုန်များ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပေတော့မည်။ နိုင်ငံတစ်ဝန်း လမ်း၊ တံတားသစ်များ တိုးတက်ဖွင့်လှစ်နိုင်ခြင်းသည် ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားမြင့်မားမှုကို ပိုမိုအကျိုးဖြစ်ထွန်းလာစေမည် ဖြစ်ပါသည်။ ။

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဟွေဟုန်း - ရန်းခွယ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကွင်းဆင်းကြီးကြပ်

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေဖြန့်ဝေပေးသည့် ပွိုင့် (၄) နေရာရှိ စက်ရေတွင်းများ မောင်းနှင် လည်ပတ်မှုကို အငယ်တန်း အင်ဂျင်နီယာ-၂ ဦးရဲကြည်မြင့်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း မင်္ဂလာဒုံတပ်နယ် အရာရှိ၊ စစ်သည်များအား တွေ့ဆုံ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တိုင်းမှူးဒိုင်း အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဇန်နဝါရီ ၁၇ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်နယ်ခန်းမ၌ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့်တွေ့ဆုံ၍ တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူတို့က ဒိုင်လူကြီးများအား ဂုဏ်ပြုဆု၊ အမျိုးသား၊ အမျိုးသမီး အသင်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရ အသင်းများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသောအသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အမှုဆောင်များ ဗီယက်နမ်နိုင်ငံ ကုန်စည်ပြပွဲပါဝင်ရန်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၀

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ဇန်နဝါရီ ၂၀ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် Spring Fair ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပါဝင်ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အလုပ်အမှုဆောင် ဦးသောင်းဟန်သည် ဇန်နဝါရီ ၁၈ရက်တွင်လည်းကောင်း၊ အလုပ်အမှုဆောင် ဦးမြင့်ကြူနှင့် အသင်းဝင် ဦးစိန်မင်းတို့သည် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်၊ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (နေပြည်တော်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ၏ ကာကွယ်ဆေးထိုး၊ ဆေးတိုက်ကျွေးရေး လုပ်ငန်းများကို အစဉ်တစိုက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များ သားဖွားနိုင်မည့်အချိန်၌ အမျိုးသမီးများနှင့် ကလေးများ မေးခိုင်ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးခုနစ်မျိုး မဖြစ်မနေထိုးရန် လိုအပ်ခြင်းတို့ကို ပြည်သူများ သိရှိလိုက်နာကြစေရေးအတွက် ဟောပြောစည်းရုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်များကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် လွှမ်းခြုံမှုရာခိုင်နှုန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ရည်မှန်းချက်များနှင့် ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များကို ကဏ္ဍအလိုက် ပြည့်မီစေရေး၌ အထောက်အကူ ပြုစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာသန်းထွန်းအောင်က တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခေမာမြက ဝေးလံခက်ခဲဒေသ ကာကွယ်ဆေးထိုးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းက တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြ၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး
မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရွှေဘိုမြို့နယ် ကျောက်မြောင်း-နွယ်ငြိမ်းကျေးရွာအနီးရှိ ရတနာသိယ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ကာကွယ်ရေးမှ

ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၃ ရက်တွင် ရွှေဘိုမြို့၌ မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မဟာနန္ဒာကန်ကို ရှင်းလင်းခြင်း၊ ကန်ပေါင်အသစ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စည်သာကျေးရွာအုပ်စုအနီး၌ ကင်းတပ်ရေလွှဲတမံ အလောင်းဘုရားတူးမြောင်း (လက်ဝဲတူးမြောင်း)အတွင်း သဲနုန်းတူးခြင်းနှင့် ဘောင်ဆင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ခင်ဦးမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေဦး-ခင်ဦးလမ်းပိုင်း အခြေအနေများကို လည်းကောင်း၊ ကန့်ဘလူမြို့နယ် ရွာမရွာအနီး သိန်ရင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်၌ တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၂၅ ၅။ အိုင်စီတီသုတ
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၅ ၇။ လျှပ်တစ်ပြက်
၅း၂၀ ၈။ မီးသတိပေးနှိုးဆော်ချက်
၅း၂၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -သက်ရှိသတ္တဝါတို့၏ ပျော်စံရာမြေ (အပိုင်း-၂)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ "ရွှေ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၀)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ စိုက်ပျိုးသုတ
၂၁။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၃၈)**
၂၄။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

အထက ရွှေဂွန်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အထက ရွှေဂွန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျောင်းရှိ ဖွဲ့ကပင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ် သိရှိလိုသူများသည် ကျောင်းသားဟောင်းများ ဖြစ်သည့် ဒေါ်မိုးပုလဲစိုး (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၄၅၈၈၈၊ ဒေါက်တာတင်ဝင်းကျော် ဖုန်း- ၀၉-၈၇၂၅၆၄၆၊ ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၉-၈၇၃၀၉၄၄၊ ဦးဖိုးလုံး-ဒေါ်ကျင်လွမ်း (ရွှေဂွန်း) ဖုန်း-၀၉-၈၇၃၀၁၂၅၊ ဖုန်း-၀၉-၅၆၆၀၆၁၃ (ဘားအံ)၊ ဒေါ်စောနွဲ့ (ရန်ကုန်) ဖုန်း-၀၉-၅၁၈၃၁၂၄၊ ဦးတင်အေး (ရန်ကုန်) ဖုန်း-၀၉-၅၀၈၂၀၀၉နှင့် ဦးမောင်ကြီး (ရန်ကုန်) ဖုန်း-၀၁-၅၆၉၅၄၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း၏ (၃၁)ကြိမ်မြောက် ညီလာခံကို ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ Traders Hotel ၌ မှတ်ပုံတင်ရမည်ဖြစ်ပြီး သက်ကြီးဆရာဝန်ကြီးများအား ဂါရဝပြုကန်တော့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား၊ သမီးများအား ဂုဏ်ပြုဆုပေးပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပရာ ကျောင်းသားဟောင်း ဦးအောင်နန္ဒထွန်းက ကျောင်းအတွက် Laser Printer တစ်လုံးကို ကျောင်းအုပ်ဆရာကြီး ဦးတီးမူထံ ပေးအပ်လှူဒါန်းစဉ်။

(ပညာရေး)

GCE MATHEMATICS TUTOR စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀



အငြိမ်းစားပါမောက္ခ ဦးသိန်းမြင့် ရေးသားပြုစုသည့် GCE MATHEMATICS TUTOR စာအုပ်ကို လက်ဆောင်သစ်စာပေက ယနေ့ ဖြန့်ချိလိုက်သည်။ ထိုစာအုပ်သည် GCE (O'Level) Additional Mathematics ကို လေ့လာလိုသူများအတွက် ရည်ရွယ်ပြုစုထားသော စာအုပ်ဖြစ်သည်။

စာအုပ်တွင် Grade-II (Mathematics) ၌ ပြဋ္ဌာန်းထားသော Chapter တစ်ဆယ့်နှစ်ခုကို အခြေခံ၍ ပြုစုထားသည်။ အခန်းတစ်ခုစီတွင် လိုအပ်သော Definition များ၊ Theorem များကို တိကျစွာ ဖော်ပြထားပြီး Worked Example များကို လိုအပ်လျှင် စဉ်းစားပုံကိုပါ ဖော်ပြထားကာ ရှင်းလင်းစွာတွက်ပြထားသည်။ လေ့လာသူများကိုယ်တိုင် တွက်ရန် ပုစ္ဆာနှင့်အဖြေများကိုလည်း ထည့်သွင်းပေးထားသည်။ ဤစာအုပ်ကို လေ့လာခြင်းဖြင့် GCE (O'Level) ဖြေဆိုမည့်သူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများ၊ သင်္ချာဘာသာရပ် လေ့လာလိုက်စားသူများအတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

အဆိုပါ စာအုပ်ကို ရွှေလက်ဆောင်စာပေဖြန့်ချိရေး ဦးအောင်မြင့်နှင့် ညီမဒေါ်သိန်းသိန်း အမှတ် (၄၄၈) ရွှေဘုံသာအထက် အမှတ်(၂၃၃/၂၃၅) (၃၂)လမ်း (အထက်) ဖုန်း-၃၈၉၀၂၂၊ ၃၇၅၃၅၇ နှင့် ၃၇၄၆၃၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး မုံရွာမြို့နယ်၌ စံကွက်ရိတ်သိမ်း

မုံရွာ ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၈ ရက်က မုံရွာမြို့နယ် ထနောင်းဝင်းကျေးရွာအုပ်စု၌ မိုးစပါးစံကွက်ရိတ်သိမ်းမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို မုံရွာမြို့နယ် ထနောင်းဝင်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၁၅-က) ထနောင်းဝင်းတောင်ကွင်း ဦးပိုင်အမှတ်(၁၄၆) တောင်သူ ဦးသိန်းအောင်၏ လယ်မြေ ၂ ဒသမ ၆၅ ဧကရှိ ဆင်းသွယ်လတ်စပါးမျိုးစိုက်ခင်း၌ ကျင်းပရာ တစ်ဧကအထွက်နှုန်း အခြောက် ၈၉ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** (၄၆၉)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စာရေးဝန်ထမ်း အထူးသင်တန်းအမှတ်စဉ်(၇၂) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စာရေးဝန်ထမ်း အထူးသင်တန်းအမှတ်စဉ် (၇၂)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြဝတီမင်းကြီးလမ်းရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်ကျော်ငြိမ်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ကျောင်းအုပ်ကြီးသည် သင်တန်းကျောင်း၏ အိပ်ဆောင်၊ စာသင်ဆောင်နှင့် စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ သင်တန်းသား ၁၀ ဦး၊ သင်တန်းသူ ၃၀ ပေါင်း ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်ကျော်ငြိမ် စာရေးဝန်ထမ်း အထူးသင်တန်း အမှတ်စဉ်(၇၂) ဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၉ ရက်က အိမ်ဖြူတော်၌ အမေရိကန်သမ္မတ အိုဘားမားနှင့် တရုတ်သမ္မတ ဟူကျင်တောင်တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နှင့် အမေရိကန် ဆက်ဆံမှု တိုးတက်စေရေး သမ္မတ ဟူကျင်တောင်နှင့် သမ္မတ အိုဘားမား ဆွေးနွေး

ဝါရှင်တန် ဇန်နဝါရီ ၂၀

တရုတ်သမ္မတ ဟူကျင်တောင်သည် အမေရိကန်သမ္မတ အိုဘားမားနှင့် အိမ်ဖြူတော်၌ ဇန်နဝါရီ ၁၉ရက်က တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်နိုင်ရေး အချက်ငါးချက်ပါ အဆိုပြုချက်ကို တင်ပြလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့် အမေရိကန်နိုင်ငံအကြား အပြန်အလှန် လေးစားမှုနှင့် အပြန်အလှန် အကျိုးကျေးဇူးရရှိနိုင်မှုတို့အပေါ် အခြေခံကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရန် ခေါင်းဆောင်နှစ်ဦးလုံးက သဘောတူညီကြသည်။

တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အဓိက နယ်ပယ်ကဏ္ဍများကို သတ်မှတ်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

သမ္မတ ဟူကျင်တောင်သည် အမေရိကန်နိုင်ငံသို့ ဇန်နဝါရီ ၁၈ရက်တွင် ရောက်ရှိလာခဲ့သည်။

တရုတ်နှင့်အမေရိကန်ဆက်ဆံရေး မြှင့်တင်နိုင်ရန် ပထမအချက်အနေဖြင့် သာတူညီမျှမှု၊ အပြန်အလှန်ယုံကြည်မှုတို့အပေါ် အခြေခံသော နိုင်ငံရေးဆက်ဆံမှုတည်ဆောက်ရန် လိုအပ်ကြောင်း သမ္မတဟူက ပြောကြားသည်။

ဒုတိယအချက်အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိပြီး အပြန်အလှန် အကျိုးကျေးဇူးရရှိစေမည့် စီးပွားရေးဆက်ဆံမှု တည်ဆောက်ရန် အလေးပေးမည်ဖြစ်သည်။

တတိယအချက်အနေဖြင့် ကမ္ဘာ့နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံတကာ စိန်ခေါ်မှုအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းကြရန် ဖြစ်သည်။

စတုတ္ထအချက်အနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရင်းနှီးချစ်ကြည်မှုခိုင်မြဲစေရန် ဖြစ်သည်။

ပဉ္စမအချက်အနေဖြင့် နှစ်နိုင်ငံ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်အဆင့်ဆွေးနွေးမှုများနှင့် ထိတွေ့ဆက်ဆံမှုများ မြှင့်တင်သွားရန်ဖြစ်ကြောင်း သမ္မတ ဟူက ပြောကြားသည်။

ဆင်ဟွာ။

ဘရာဇီးရေလွှမ်းမိုးမှု လူ ၇၄၂ ဦး သေဆုံး

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၂၀

ဘရာဇီးနိုင်ငံ၌ ၁၀ နှစ်အတွင်း ဆိုးရွားသော မြေပြိုမှုများဖြစ်ပွားပြီးနောက် လူပေါင်း ၂၀၇ဦးထက်မနည်းပျောက်ဆုံးနေကြောင်း၊ ယင်းနိုင်ငံရှိ သာယာလှပသောတောင်တန်းဒေသတစ်နေရာ၌ သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူစုစုပေါင်း ၇၄၂ ဦးထိရှိလာကြောင်း ဗုဒ္ဓဟူးနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

ရီယိုဒီဂျနေရိုးပြည်နယ်အစိုးရ ရှေ့နေရုံးက ထုတ်ပြန်ခဲ့သော ပျောက်ဆုံးနေသူများ၏စာရင်းသည် လွန်ခဲ့သော ရက်သတ္တပတ်က ရုတ်တရက်ဖြစ်ပွားသော ကပ်ဘေးကျချိန်မှစ၍ ပျောက်ဆုံးနေသူအရေအတွက် ခန့်မှန်းခြေဖြစ်ပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၀၀၀ ထိတိုးလာနိုင်သည်ဟုဆိုသည်။

ဆိုးရွားစွာရင်ဆိုင်ရသော သီရိဆိုဖိုလစ်နှင့် နိုဗာဖရက်ဘာဂိုမြို့တို့ရှိ တာဝန်ရှိသူများက ပျောက်ဆုံးနေသူ ၃၀၀ ထက်မနည်းရှိသည်ဟု ပြောကြားသည်။ ၎င်းတို့အနက်အများစုသည် ရေလွှမ်းရာမှ အိမ်မြေ ရာနှင့်ချီ၍ ပျက်စီးခဲ့ပြီး ယင်းအပျက်အစီးများနှင့် ရွှံ့နွံများ တစ်ဟုန်ထိုးလျှောကျမှုတို့အောက်၌ ရှိနေမည်ဟု ယူဆကြသည်။

လွန်ခဲ့သောရက်သတ္တပတ်က ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုခြင်းနှင့် ရေလွှမ်းခြင်းတို့ဖြစ်ပွားရာ ရေတိုက်စားခံရသောအပျက်အစီးများအောက်မှ ရုပ်အလောင်းများကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေတွေ့ရှိသဖြင့် သေဆုံးသူဦးရေ မြင့်တက်လျက်ရှိသည်။ **ရိုက်တာ။**

မြူးနစ်မြို့အနီး ပေါက်ကွဲမှုဖြစ်ပွား၊ နေအိမ်တစ်လုံးပျက်စီးခဲ့ရ

ဘာလင် ဇန်နဝါရီ ၂၀

ဂျာမနီနိုင်ငံ မြူးနစ်မြို့အနီး ဂျာမာရင်းမြို့ရှိ နေအိမ်တစ်လုံး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၀ရက်တွင် ပြောကြားသည်။

ညသန်းခေါင်ယံအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားရာ နေအိမ်မှာ လုံးဝပျက်စီးသွားခဲ့ကြောင်း၊ အနီးအပါးရှိ နေအိမ်များပေါ်သို့ အပျက်အစီးအပိုင်းအစများ ကျရောက်လာခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ နေအိမ်၏ မြေအောက်ထပ်အတွင်း သေဆုံးနေသော အမျိုးသမီးကြီးတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ရသည်။ သေဆုံးနေသော ယင်းအမျိုးသမီးမှာ အသက် ၈၄နှစ်ရှိသည်ဟု ယူဆရပြီး အိမ်ပိုင်ရှင်ဖြစ်သည်။

သူမ၏ ခင်ပွန်း အသက် ၈၈ နှစ်ရှိ အဘိုးအိုတစ်ဦး ပျောက်ဆုံးနေပြီး အပျက်အစီးများအတွင်း ၎င်းကို ရှာဖွေတွေ့ရှိနိုင်ရန် ကယ်ဆယ်ရေးလုပ်သားများက ကြိုးပမ်းလျက်ရှိသည်။

နေအိမ်အတွင်း အဘယ်ကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရသည်ကို ယခုအထိ မသိရသေးပေ။ **ဆင်ဟွာ။**



ဇန်နဝါရီ ၂၀ ရက်က ဂျာမနီနိုင်ငံ မြူးနစ်မြို့အနီး ဂျာမင်ရင်းမြို့ရှိ နေအိမ်တစ်လုံး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိသျှလူငယ် ငါးဦးလျှင် တစ်ဦးအလုပ်လက်မဲ့ဖြစ်နေ

လန်ဒန် ဇန်နဝါရီ ၂၀

နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာပါ ကိန်းဂဏန်းများအရ အသက် ၁၆နှစ်မှ ၂၄နှစ်အတွင်း လူငယ်ငါးဦးလျှင် တစ်ဦးသည် အလုပ်လက်မဲ့ဖြစ်သည်ဟု ဗြိတိသျှမီဒီယာများက ဖော်ပြသည်။

ယင်းကိန်းဂဏန်းများသည် တတိယသုံးလပတ်အတွင်း အလုပ်လက်မဲ့ဦးရေ ၃၂၀၀၀ မှ ၉၅၁၀၀၀ အထိ တိုးလာကြောင်း ညွှန်ပြလျက်ရှိပြီး ၁၉၉၂ ခုနှစ်မှ စတင်ဆန်းစစ်လျှင် အမြင့်ဆုံး စံချိန်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အစီရင်ခံစာတွင် အလုပ်အကိုင်ရှာဖွေရရှိသူ အရေအတွက် လျော့နည်းလာကြောင်း၊ ပိုလျှံအလုပ်သမားများ များပြားလာသကဲ့သို့ စီးပွားမရှာနိုင်သော လူတန်းစားဟု ခွဲခြားသတ်မှတ်ထားသည့်သူများ၏ အရေအတွက်မှာလည်း ၉ ဒသမ ၃ သန်းသို့ ရောက်ရှိနေပြီဟု တင်ပြထားကြောင်း အမျိုးသားစာရင်းအင်းရုံးအဖွဲ့က ပြောကြားသည်။

ကျောင်းသားများ၊ မကျန်းမာသည့် ဆွေမျိုးများကို ကြည့်ရှုစောင့်ရှောက်နေကြသူများ၊ အလုပ်အကိုင် ရှာဖွေခြင်းကို လက်လျှော့လိုက်ကြသူများ အပါအဝင် စီးပွားမရှာနိုင်သော လူတန်းစားအရေအတွက်သည် ၈၉၀၀၀ တိုးလာသဖြင့် ထိုလူတန်းစားမှာ ၂၃ ဒသမ ၄ ရာခိုင်နှုန်းအထိရှိပြီဟု အစီရင်ခံစာ၌ ပါရှိသည်။

ဗြိတိန်နိုင်ငံ၏ တစ်နိုင်ငံလုံး အလုပ်လက်မဲ့အရေအတွက်မှာ ၂ ဒသမ ၅သန်းရှိကြောင်း၊ လူငယ်များအလုပ်လက်မဲ့ အရေအတွက်မှာ စံချိန်တင်အမြင့်ဆုံးဖြစ်ကြောင်း ၎င်းအစီရင်ခံစာက ဖော်ထုတ်လိုက်သည်ဟု မီဒီယာများက ရေးသားသည်။

အင်တာနက်။

ကွင်းစလန်တွင် မိုးသက်မုန်တိုင်းများကျရောက် ရေလွှမ်းမိုးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရ

ဘရစ်စဘိန်း(ဩစတြေးလျ) ဇန်နဝါရီ ၂၀

ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်တွင် အင်အားပြင်းထန်သော မိုးသက်မုန်တိုင်းများကြောင့် ရေလွှမ်းမိုးခံရသည့် အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးဌာနများ ညတွင်းချင်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြကြောင်း၊ ရေလွှမ်းမိုးခြင်းခံရသော နေအိမ်များ၌ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေးအတွက် အဟန့်အတားများနှင့် ရင်ဆိုင်နေကြရကြောင်း ဩစတြေးလျသတင်းဌာန (အေအေပီ)က ဇန်နဝါရီ ၂၀ ရက်တွင် ဖော်ပြသည်။

မိုးသက်မုန်တိုင်းသည် ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီမှ စတင်၍ ဘရစ်စဘိန်းမြို့အနောက်ဘက်ရှိ လော့စ်ယာဗဲလ်လီတွင် တိုက်ခတ်ခဲ့ကြောင်း၊ ထို့နောက် ဘရစ်စဘိန်းမြို့ အရှေ့ဘက်သို့ ရွေ့လျားတိုက်ခတ်ခဲ့ကြောင်း၊ ဘရစ်စဘိန်းမြို့အနောက်ဘက်မှ ကီလိုမီတာ ၁၆၀ ကွာဝေးသောအိုကီးဒေသတွင် လေပြင်းနှင့် မိုးကြိုးပစ်ခြင်းများကြောင့် အပျက်အစီးများဖြစ်ပေါ်ရကြောင်း မိုးလေဝသဌာနကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အလုပ်အကိုင်ရရှိရန်အတွက် တန်းစီစောင့်ဆိုင်းနေကြသည့် အလုပ်လက်မဲ့များကို လန်ဒန်မြို့တစ်နေရာ၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယာဉ်မတော်တဆဖြစ်ပွားမှု ကိုးဦးထက်မနည်းသေဆုံး

ဒါကာ ဇန်နဝါရီ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏အနောက်မြောက်ဘက်မှ ၂၆၈ ကီလိုမီတာကွာဝေးသော ဂိုန်ဘန်ဒဟာခရိုင်ဆာဒူလာပါမြို့တွင် ယာဉ်မတော်တဆမှုတစ်ခုဖြစ်ပွားရာ လူကိုးဦးထက်မနည်းသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ဒါကာမြို့အနောက်မြောက်ဘက် ရန်းပါမြို့မှ မောင်းနှင်လာသော ခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် အဝေးပြေးလမ်းမကြီးတစ်နေရာ၌ မြူများသိပ်သည်းစွာကျရောက်လျက်ရှိသဖြင့် ကားကို ရုတ်တရက်ထိုးရပ်လိုက်ရကြောင်း၊ ထိုစဉ် အခြားဘတ်စ်ကားနှစ်စီးက ယင်းကားကို နောက်ဘက်မှဝင်၍ တိုက်မိလိုက်သည်ဟု ဆိုသည်။

ကားတိုက်မှုဖြစ်ဖြစ်ချင်း လူကိုးဦးသေဆုံးပြီး လူ ၁၀၀ ကျော်ဒဏ်ရာရသည့်အနက် ၄၀ မှာအသက်အန္တရာယ်စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ ဒေသခံရဲတပ်ဖွဲ့ဝင်များ လျင်မြန်စွာရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ကာ ဒဏ်ရာရရှိသူများအား ဆေးရုံအသီးသီးသို့ ပို့ဆောင်ပေးလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဝန်ကြီး ဒေါက်တာကျော်မြင့် ကျောက်ပန်းတောင်းနှင့် တံတားဦးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးလက်ကျန်းမာရေးဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးလက်ကျန်းမာရေးဌာနရှိ လူနာစမ်းသပ်ခန်း၊ သားဖွားခန်း၊ ခန်းမအတွင်းကျန်းမာရေးပညာပေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် တိုင်းရင်းပရဆေးပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ခန်းမအတွင်း၌ ကျန်းမာရေး ကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ တိုင်းရင်းဆေးပင်များ ဒေသနှင့် ကိုက်ညီစွာ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ် အခြေခံ၍ ပိုမိုတိုးချဲ့ရန်အတွက် တိုင်းရင်းဆေးပညာဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလုပ်ငန်း၊ တီဘီရောဂါလူနာနှင့် အနာကြီးရောဂါလူနာများ၊ AIDS ရောဂါလူနာများအား ကြိုးပမ်းရှာဖွေဖော်ထုတ်ကုသရေး၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် ကျေးလက်ဒေသနေ ပြည်သူများ ကျန်းမာသောနေထိုင်မှု ဘဝပုံစံဖြစ်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် စသည်ဖြင့် မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံရှိ ဆေးကုသဆောင်အသစ်၌ လူနာများအား ဆေးကုသပေးမှု၊ ဆေးရုံဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးထားရှိမှု၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ သွားနှင့်ခံတွင်း ဆေးကုသခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျန်းမာရေး ကော်မတီဝင်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများအား ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံသစ်(မန္တလေး)ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွံတေးမြို့နယ် ငါးလုပ်ငန်း နှစ်ပတ်လည်စည်းဝေး

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တွံတေးမြို့နယ် နှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်များ ဖွဲ့စည်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က တွံတေးမြို့ ချမ်းမြေ့ရတနာခန်းမ၌ ကျင်းပစဉ်။ (ကြေးမုံ)

သက်ကြီးဂီတပညာရှင်ကြီးများအား အိမ်တိုင်ရာရောက်ကန်တော့

ရန်ကုန် ဇန်နဝါရီ ၂၀

ဒုတိယအကြိမ်မြောက် အသက်(၈၀)နှင့်အထက် ဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသော သက်ကြီးဂီတပညာရှင်ကြီးများအနက် ရန်ကုန်မြို့၌ နေထိုင်ကြသည့် ဒေါ်ရင်ရင် (စောမုံညင်း)၊ ဦးအောင်ရွှေ(ခင်မောင်ရွှေ)၊ ဦးသိန်းစိုး(ဂီတာသိန်းစိုး)နှင့် ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)တို့အား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးရန်ပိုင်စိုးနှင့် အမှုဆောင် တေးကဗျာဦးမင်းယုတို့သည် ဇန်နဝါရီ ၁၉ ရက်တွင် ဂီတပညာရှင်ကြီးများ၏ နေအိမ်သို့ သွားရောက်၍ ပူဇော်ကန်တော့ငွေကျပ်နှစ်သိန်းနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်ကန်တော့ခဲ့ကြကြောင်းနှင့် မန္တလေးမြို့၌ နေထိုင်ကြသည့် သက်ကြီးဂီတပညာရှင်နှစ်ဦးဖြစ်သော မြို့မဦးပေါ်နှင့် အဆိုတော်ကြီး ဒေါ်စိမ်းစိမ်းတို့အတွက် ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများကိုလည်း မန္တလေးမြို့ရှိ ဂီတအစည်းအရုံးမှ တစ်ဆင့်ပေးပို့ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ငွေဝတ်မှုံရပ်ကွက်နေ ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်(ငြိမ်း) ၏ (၁၃)နှစ်ပြည့်အားရည်စူး၍ သီရိသုမင်္ဂလာဒေါ်ခင်သိန်းနှင့် သားသမီးမြေးတစ်စုတို့က ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အလူမီနီယံကွန်ပို့စ်များ ပြည့်ဝကုမ္ပဏီမှ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀

အိမ်ဆောက်ပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများကို စင်ကာပူ၊ ထိုင်း၊ တရုတ်နိုင်ငံများမှ တင်သွင်းဖြန့်ချိရောင်းချနေသော ပြည့်ဝဆောက်လုပ်ရေးနှင့် အလူမီနီယံနှင့် မှန်ကုမ္ပဏီက Aluco Plus, (A+), Kamol, Jockey Club အစရှိသော အလူမီနီယံကွန်ပို့စ်ပြားများကို ဖြန့်ချိရောင်းချလျက်ရှိပြီး ထိုကွန်ပို့စ်ပြားများဖြင့် အိမ်တွင်း/အိမ်ပြင်အလှဆင်ခြင်း၊ ကွန်ဒိုမီနီယံတိုက်များ အလှဆင်ခြင်းများ ပြုလုပ်နိုင်ကြသည်။

ထို့အပြင် ယခုနောက်ဆုံးရောက်ရှိလာသော Aluco Plus (A+) Composite ပြားများသည် နောက်ဆုံးပေါ် နည်းစနစ်များဖြင့် ထုတ်လုပ်ထားကာ ပုလဲအရောင်များ (Pearl Colour) ဖြစ်ပြီး ဆေးရောင် Coating များမှာ အလွန်လှပ တောက်ပသော အရောင်အသွေးပေါင်း ၂၅ မျိုးပါရှိသည်။ ထို့အပြင် ကျွန်းကွက်၊ ကျောက်ပြားဒီဇိုင်းများလည်း ပါဝင်သည်။

ပြည့်ဝကုမ္ပဏီမှ အလူမီနီယံချောင်းများ၊ စတီးပိုက်များ၊ မှန်များ၊ အသင့်ခင်းပါကေးများ၊ စတီးတံခါးများကို လည်း တင်သွင်းရောင်းချလျက်ရှိသည်။ ပရိမိုးရှင်းကာလဖြစ်သော ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွင် ရောင်းချသည့် ပစ္စည်းများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချပေးလျက်ရှိပြီး အမြို့မြို့အနယ်နယ်ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၌ ဝယ်ယူရရှိနိုင်သည်။ နယ်ကိုယ်စားလှယ်ယူလိုသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် အထူးဈေးနှုန်းစီစဉ်ထားရှိပြီး လက်လီ၊ လက်ကားဝယ်ယူလိုသူများနှင့် အရောင်းကိုယ်စားလှယ်ရယူလိုသူများသည် ဆိုင်အမှတ်(၁) ၃၇၅-အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ဖုန်း-၀၁-၂၁၅၇၈၇၊၀၁-၇၀၁၀၂၉ နှင့် ဆိုင်အမှတ်(၂) ၇၅ -တာမွေလမ်း ဖိုးစိန်လမ်းထိပ် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၃၆၅၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့၊ ကသာမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သမိန်ထော အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

ဖျာပုံမြို့နယ် သမိန်ထော အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဦးအောင်သောင်း ဖုန်း-၀၉-၅၅၀၄၄၅၉၊ ဦးမြင့်ဇော်ဦး ဖုန်း-၀၉-၅၄၁၂၆၇၉၊ ဦးအောင်မျိုး ဖုန်း-၀၉-၅၀၈၇၃၄၁၊ ဦးမြင့်အောင် ဖုန်း-၀၉၈၅၉၁၅၀၉၊ ဦးမောင်ယဉ်မြင့် ဖုန်း-၀၉-၄၉၇၅၆၂၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

အလိမ္မာ တမာရှိ

ပဲခွယ်ကုန်းမြို့ စည်ပင်ဈေး၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

ကျောက်တံခါး ဇန်နဝါရီ ၂၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးသင်းဦး ခေါင်းဆောင်သော ဈေးများလုံခြုံမှု စစ်ဆေးရေးအဖွဲ့က ဇန်နဝါရီ ၄ ရက်တွင် ပဲခွယ်ကုန်းမြို့ စည်ပင်သာယာဈေး၌ မီးငြိမ်းသတ်ရေး ကိရိယာများထားရှိမှု၊ မီးသတ်ရေကန်များတွင် ရေသိုလှောင်ထားရှိမှု၊ စက်ရေတွင်းနှင့် အမြင့်တင်ရေစင်၊ မီးသတ်ရေပိုက်လိုင်းများနှင့် ရေငုတ်များ၊ မီးသတ်ဆေးဘူးများ၊ အပေါ့စားမီးသတ်စက်ထားရှိမှုနှင့် ဈေးအတွင်း လျှပ်စစ်မီးလိုင်းများ အခြေအနေတို့ကို မီးဘေးကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ ပဲခွယ်ကုန်းမြို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီနှင့် ဈေးသူဈေးသားများက မီးသတ်ယာဉ်၊ အပေါ့စား မီးသတ်ရေစုပ်စက်တို့ဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ဝဲပုံ)** (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် ဒေသအချို့၌ မိုးသီးကြွေကျပြီး နှင်းမိုးရွာသွန်းမှု ဖြစ်ပွားခဲ့

နေပြည်တော် ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါမြို့နယ်ခွဲ၌ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နှင်းမိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်း၊ အလားတူ ဗန်းမော်မြို့နယ်အတွင်း ဇန်နဝါရီ ၁၆ ရက် ညနေ ၆ နာရီခန့်တွင် မိုးစတင်ရွာသွန်းခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် ဖန်ဂေါ်လီလုံးအရွယ် မိုးသီးများကြွေကျကာ လေပြင်းများတိုက်ခတ်ခဲ့ကြောင်း၊ ထို့ပြင် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်၌ ဇန်နဝါရီ ၁၆ ရက် ညနေ ၆ နာရီခန့်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ည ၁၂ နာရီခန့်မှစ၍ နှင်းမိုးများရွာသွန်းခဲ့သဖြင့် ဇန်နဝါရီ ၁၇ ရက် နံနက် ၁ နာရီခန့်တွင် နှင်းထုတစ်ပေကျော် ဖုံးလွှမ်းခဲ့ကြောင်း၊ ညနေ ၆ နာရီခန့်တွင် မိုးရွာသွန်းမှုရပ်သွားခဲ့မှသာ နှင်းများအရည်ပျော်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်တို့၌ မိုးသီးကြွေကျမှု၊ နှင်းမိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ လမ်းအရှည်ပေ ၈၅၀ နှင့် အကျယ် ၂၂ ပေရှိ (၁၈)လမ်း (အထက်လမ်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ၊ ပန်းဘဲတန်းမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ လမ်းအရှည်ပေ ၈၅၀ နှင့် အကျယ် ၂၂ ပေရှိ (၂၅)လမ်း (အထက်လမ်း)ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် အမှတ်(၁)ရပ်ကွက်ရှိ လမ်းအရှည်ပေ ၈၅၀ နှင့် အကျယ် ၂၂ ပေရှိ (၂၅)လမ်း (အောက်လမ်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ လမ်းသစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် တာမွေမြို့နယ် ဗညားဒလလမ်းဆုံမှ သမိန်ဗရမ်းလမ်းဆုံအထိ ကွန်ကရစ် လမ်းချောခင်းနေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လသာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ (၁၈) လမ်း(အထက်လမ်း)ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၂၀

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အား ယင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က)	**ဦးစိုးကိုကို**	**ညွှန်ကြားရေးမှူးချုပ်** စည်ပင်သာယာရေးဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
(ခ)	**ဦးမျိုးသက်ရွှေ**	**ဦးဆောင်ညွှန်ကြားရေးမှူး** မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန

၃။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအောင်မင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မိတ္ထီလာမြို့ အထက(၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၀

မိတ္ထီလာမြို့ အထက(၂) ကျောင်း၌ အမျိုးသားကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက်(၆၀)ကျော် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်အပေါင်းတို့က သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေး ရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက် ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးကျော်ဝ အထက(၂) မိတ္ထီလာ(ကျောင်းအုပ်ကြီး) ဖုန်း-၀၆၄-၂၃၄၁၄၊ ဒုတိယဗိုလ်မှူးကြီးအောင်မြတ်(ငြိမ်း) ဖုန်း-၀၉-၂၂၀၁၀၇၅၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးသိန်းထွန်း ဖုန်း-၀၆၄-၂၄၂၄၁၊ ၀၉-၂၂၀၀၈၆၁၊ ဦးလင်းကျော်စွာ(ရွှေကျားမင်းကဖီး) ဖုန်း-၀၁-၂၂၁၀၈၅၊ ၀၉-၅၁၀၈၅၀၉ နှင့် ဦးသီလဝေလု (တံခွန် VCD & Game) ဖုန်း-၀၆၄-၂၅၂၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသော မသဇင်ငြိမ်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်တက္ကသိုလ် (၁၉၇၃-၇၇) ဓာတုဗေဒ/ကုန်ထုတ်ဓာတု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်ဓာတု (၁၉၇၃-၇၇) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၉ ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း Central Hotel ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးကျော်တင့် ဖုန်း-၇၃၀၁၇၁၈၆၊ ဦးတိုးဝင်း ဖုန်း-၀၉-၈၀၂၀၇၃၅၊ မနွယ်နွယ်အောင် ဖုန်း-၀၉-၅၀၄၇၃၃၀၊ မစန်းစန်းနွယ်(ဘုတ်ဆုံ) ဖုန်း-၀၉-၅၀၁၉၁၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

❄ **ရှေ့ဖုံးမှ**

အသင်းတို့ ကစားကြမည်ဖြစ်သည်။ ယင်းပွဲစဉ်များထဲတွင် ပရိသတ်များ စိတ်အဝင်စားဆုံးနှင့် ပြိုင်ဆိုင်မှုပြင်းထန်မည့်ပွဲစဉ်မှာ ဗထူးကွင်းတွင် တွေ့ဆုံကြမည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်တို့၏ ပွဲစဉ်ပင်ဖြစ်သည်။

ပွဲဦးထွက်ပွဲစဉ်တွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် MNL အသင်းသစ် ရက္ခပူရယူနိုက်တက်အသင်းကို တစ်ဂိုးစီသာ သရေကစားနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာ နေပြည်တော်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်နှင့် ပွဲစဉ်တွင် ရတနာပုံအသင်း၏ အမာခံ ကစားသမားများဖြစ်သည့် တိုက်စစ်မှူး ရန်ပိုင်နှင့် ကွင်းလယ်လူ ကိုနေးတို့ ပွဲပယ်ပြစ်ဒဏ်များကြောင့် ပါဝင်နိုင်မည်မဟုတ်ပေ။ အောင်ကျော်မိုးနှင့် ထွန်းထွန်းဝင်းတို့ မရှိတော့သည့် ကွင်းလယ်ပိုင်းမှာလည်း အားနည်းမှုများရှိနေပြီး ရက္ခပူရအသင်းနှင့်ပွဲတွင် ခြေစွမ်းမပြနိုင်ခဲ့ပေ။ ရန်ကုန်ယူနိုက်တက်အသင်းတွင်လည်း နိုင်ဦးလွင်နှင့် အောင်သိုက်တို့ ပွဲပယ်ပြစ်ဒဏ်များကြောင့် ပါဝင်နိုင်မည်မဟုတ်သော်လည်း အရန်ကစားသမားများဖြစ်သောကြောင့် အားမပျော့နိုင်ပေ။ ဒဏ်ရာရ ကစားသမားများမရှိသောကြောင့် နိုင်ငံခြားသား ကစားသမားများဖြစ်သည့် ဂျူဗီနယ်၊ ချာလက်စ်အိုဘီ၊ ဟန်ဆန်၊ အလက်ဇန်ဂျလို၊ ပြည်တွင်း အမာခံ ကစားသမားများဖြစ်သည့် မျိုးမင်းထွန်း၊ ဌေးအောင်၊ ဒေးဗစ်ဒန်း၊ အသစ်ခေါ်ယူထားသည့် ခင်မောင်လွင်၊ ရာဇာဝင်းသိန်းနှင့် မိုင်းအိုက်နိုင်တို့ဖြင့် လူစုံပါဝင်နိုင်ဖွယ် ရှိနေသည်။ နေပြည်တော်အသင်းကို အနိုင်ရသည့် လူစာရင်းကိုပင် အမာခံထား ပွဲထွက်ဖွယ်ရှိနေပြီး အနည်းငယ်သာ ပြောင်းလဲဖွယ် ရှိနေသည်။

ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သည် ခြောက်ကြိမ်တွေ့ဆုံဖူးပြီး နှစ်ကြိမ်စီ အနိုင်ရထားကာ နှစ်ကြိမ် သရေကျထားသည်။ ၂၀၀၉ MNL CUP ပြိုင်ပွဲအုပ်စုပွဲစဉ်တွင် နှစ်ဂိုးစီသရေကျခဲ့ပြီး ဗိုလ်လုပွဲတွင် ရတနာပုံ F.C က ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ၂၀၀၉ အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ဗထူးကွင်း၌ တွေ့ဆုံရာတွင် ရတနာပုံအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ သုဝဏ္ဏကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုးပြတ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ဗထူးကွင်းတွင် တွေ့ဆုံစဉ်က ဂိုးမရှိ သရေကျခဲ့ပြီး ဒုတိယအကျော့တွင် ရန်ကုန်ယူနိုက်တက်အသင်းက အိမ်ကွင်းတွင် လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိထားခဲ့သည်။ သတ္တမအကြိမ်မြောက် တွေ့ဆုံမှုတွင် ဘယ်အသင်းအနိုင်ရသွားမလဲဆိုသည်ကို ဗထူးကွင်းတွင် အဖြေရှာကြတော့မည်ဖြစ်သည်။

ရတနာပုံ F.C အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက "ရန်ကုန်နှင့်ပွဲအတွက် လက်ရှိလူစာရင်းနှင့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေကြောင်း၊ ရက္ခပူရနှင့်အဖွင့်ပွဲတွင် မိမိတို့အသင်းမှ အမာခံကစားသမားများ မပါဝင်နိုင်၍ အားနည်းမှုများရှိခဲ့ကြောင်း၊ လူငယ်များကို ပွဲထုတ်ခဲ့သော်လည်း ခြေစွမ်းမပြနိုင်ခဲ့ကြောင်း၊ ရက္ခပူရနှင့်ပွဲတွင် ပွဲပယ်ခံထားရသည့် ရန်ပိုင်၊ ကိုနေးနှင့် အုပ်ချုပ်သူယိုအန်၊ ဌာနပြန်သွားသည့် အောင်ကျော်မိုးနှင့် ထွန်းထွန်းဝင်း၊ မကွေးအသင်းသို့ ပြောင်းသွားသည့် ဂိုဒရီဂုစသည့် အမာခံများမပါဝင်နိုင်ခဲ့၍ အသင်းမှာ များစွာအားနည်းခဲ့ကြောင်း၊ ထို့ပြင် နည်းစနစ်ဒါရိုက်တာ ရောဘတ်မှာလည်း ကွင်းအတွင်းဝင်မရခဲ့၍ မိမိတို့ပုံမှန်ခြေစွမ်းရအောင် မကစားနိုင်ခဲ့ကြောင်း၊ ကွင်းလယ်တွင် ကစားခဲ့သည့် ဂျီဒွန်ဆီယန်မှာလည်း ခြေစွမ်းမပြနိုင်ခဲ့၍ မိမိတို့ကစားပုံမကောင်းခဲ့ကြောင်း၊ ရက္ခပူရအသင်းကို ချီးကျူးမိသလို ကံဆိုးလျှင် ရှုံးပွဲပင် ကြုံတွေ့သွားနိုင်ကြောင်း။

ရန်ကုန်နှင့်ပွဲအတွက် အသင်း၏အားနည်းချက်များကို ပြုပြင်နေကြောင်း၊ ရန်ကုန်နှင့်ပွဲတွင် ရန်ပိုင်နှင့် ကိုနေးတို့ပါဝင်နိုင်မည်မဟုတ်ဘဲ ရန်ပိုင်မှာ နောက်ထပ်နှစ်ပွဲ ပါဝင်နိုင်ဦးမည်မဟုတ်ကြောင်း၊ ရန်ကုန်နှင့်ပွဲတွင် အနိုင်မရလျှင်တောင်မှ မရှုံးလိုကြောင်း၊ ပြိုင်ဘက်အသင်းက ပြင်ဆင်မှုပြည့်ဝနေချိန်တွင် မိမိတို့က လူမစုံဘဲကစားရမည်ဖြစ်ကြောင်း၊ အမာခံကစားသမားများမရှိတော့၍ ပထမအကျော့တွင် ရှုံးကန်ရနိုင်ကြောင်း၊ ယင်းအတွက်ကြောင့် ရတနာပုံနှင့် မန္တလေး ပရိသတ်များကို မေတ္တာရပ်ခံလိုသည်မှာ ချန်ပီယံဘွဲ့ထိန်းသိမ်းရန် အခက်အခဲရှိနိုင်ပါကြောင်း၊ ချန်ပီယံဆုကာကွယ်ရန် အစွမ်းကုန်ကြိုးစားမည်ဖြစ်သော်လည်း မိမိတို့မှာ အမာခံကစားသမားများ မရှိတော့၍ အခက်အခဲများရှိပါကြောင်း၊ ရာသီအကြိုပြင်ဆင်မှုများပြုလုပ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပွဲဦးထွက်ပွဲတွင် ရလဒ်မကောင်းခဲ့ကြောင်း၊ ပြီးခဲ့သည့် ရာသီကလည်း ပထမလေးပွဲတွင် ငါးမှတ်သာရခဲ့ကြောင်း၊ လမ်းကြောင်းမှန်အပေါ် ပြန်လည်ရောက်ရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက "ယခု ၂၀၁၁ MNL ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ကစားသမားပိုင်း၊ နည်းစနစ်ပိုင်း၊ ပရိသတ်ပိုင်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားကြောင်း၊ ရတနာပုံနှင့်ပွဲအတွက်လည်း သေချာစွာပြင်ဆင်ထားကြောင်း၊ မိမိရော အသင်းပိုင်ရှင်ပါ ဗထူးကွင်းသို့ သွားရောက်အားပေးမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ ခြေစွမ်း၊ကစားကွက်နှင့် စိတ်ဓာတ်ပိုင်း တိုးတက်လာသည်ဟု ထင်ကြောင်း၊ ကစားသမားအသစ်များ အသင်းနှင့်အမြန်ဆုံးအထိုင်ကျလာ၍ ဝမ်းသာမိကြောင်း၊ ရတနာပုံအသင်းမှာ ပွဲဦးထွက်ပွဲတွင် ရက္ခပူရနှင့် သရေကျခဲ့သော်လည်း ပွဲတွင် အကောင်းဆုံးခြေစွမ်းဖြင့် ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုပွဲကို ရန်ကုန်မြို့မှ ပရိသတ် ၅၀၀ နှင့် နေပြည်တော်၊ ပခုက္ကူ၊ ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦးတို့မှ ပရိသတ် ၂၀၀၀ လိုက်လံအားပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ယခုပွဲတွင် ဗထူးကွင်းတွင် ရန်ကုန်ပရိသတ်များ ဝမ်းသာစေရမည်ဖြစ်ကြောင်း၊ ပွဲစဉ်တိုင်းမှာ ချန်ပီယံဆုအတွက် အရေးပါသည့်အတွက် အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ ။

ရတနာပုံ F.C အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း။

ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ။